မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 1, 2025 Volume 92, Number 1

| ၁.၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၈.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၁.၁၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၅၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၉ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက် ၂၃. ၆.၂၀၂၅ မှ ၂၇.၆. ၂၀၂၅




**မတ်ပဲ**

အရင်အပတ်ကတက်ရိပ်ပြခဲ့တဲ့မတ်ပဲက ယခုတစ်ပတ်ပထမသုံးရက်မှာ သိန်း ၃၀ ကျော်အထိရှိခဲ့ပြီး ကျန်ရက်တွေမှာဆက်တိုက်ပြန်ကျကာ ၂၉ သိန်းကျော်ပြန်ရောက်လာပါတယ်။ နယ်ဈေးကွက်မှာလည်း မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို အရင်အပတ်က ၉၈,၀၀၀ ရှိရာကနေ ၉၆,၀၀၀ ကျပ်အထိပြန်ကျပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တနင်္လာနေ့ကဗုဒ္ဓဟူးနေ့အတွင်း မတ်ပဲ FAQ တစ်တန်ကို သိန်း ၃,၀၀၀,၀၀၀ ကနေ ၃,၀၁၀,၀၀၀ ကျပ်ရှိပြီး ကြာသပတေးနဲ့သောကြာမှာ ၂,၉၈၁,၀၀၀ မှ ၂,၉၉၁,၀၀၀ ကျပ်ရှိခဲ့ပါတယ်။

အရင်အပတ်ကတော့ မတ်ပဲ FAQ တစ်တန်ကို ၃,၀၃၀,၀၀၀ ကျပ်အထိ မြင့်တက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာ ၂၀၀၀ မှ ၄၀,၀၀၀ ထိကျပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း ခုတစ်ပတ်မှာ ဈေးပြန်ကျသွားပါတယ်။ တစ်တန်ကို အများဆုံး ၄၀,၀၀၀ လောက်ပြန်ကျလာတာပါ။အိန္ဒိယမှာပဲစင်းငုံနီလက်ကျန်နည်းပြီးအဝင်နည်းပေမဲ့ ကျဈေးနဲ့သာဝယ်ယူနေတဲ့အတွက် ဈေးမတက်ဘဲ ဖြစ်နေရတာပါ။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာကနေ သောကြာနေ့အတွင်း ပဲစင်းငုံနီ တစ်တန်ကို ၂,၇၄၂,၀၀၀ ကျပ်မှ ၂,၇၉၂,၀၀၀ ကျပ်ရှိခဲ့ပါတယ်။

အရင်အပတ်က တနင်္လာကနေ သောကြာနေ့မှာ ပဲစင်းငုံနီတစ်တန်ကို ၂,၇၁၅,၀၀၀ မှ ၂,၈၃၅,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိခဲ့ပါတယ်။

**ပဲပုပ်**

ပဲပုပ် (ရှမ်း )က ဈေးကျရိပ်ပြပြီး ပဲပုပ်(ဗမာ)က ဈေးငြိမ်နေပါတယ်။ပဲပုပ်(ဗမာ)ကို ပြည်တွင်းက ပဲငပိ၊ မုန့်လုပ်ငန်းသမား အဝယ်ရှိပြီး အထွက်နည်းကာ အဝင်နည်းခြင်းကြောင့် အရင်တစ်ပတ်ဈေးမှာပဲငြိမ်နေတာဖြစ်တယ်လို့သိရပါတယ်။

ပဲပုပ်(ရှမ်း)ကတော့ ရာသီဥတုကြောင့် အရောင်းအဝယ်အေးပြီး ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ဈေးကျရိပ်ပြလာတာဖြစ်တယ်လို့သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပဲပုပ် (ဗမာ)က ၄၁၅,၀၀၀ ကျပ်ရှိပြီး ပဲပုပ်( ရှမ်း) က ၂၆၀,၀၀၀ ကျပ်မှ ၂၇၅,၀၀၀ ကျပ်ရှိပါတယ်။

**စားတော်ပဲ**

စားတော်ပဲ(ကျွန်း)က ဈေးတက်လာပြီး စားတော်ပဲ (ကနေဒါ) ကဈေးကျရိပ်ပြပါတယ်။ စားတော်ပဲ(ကနေဒါ) အဝင်နည်းခြင်းကြောင့် စားတော်ပဲ(ကျွန်း) ကိုလက်လီသမား အဝယ်များခြင်း၊ အဝင်နည်းသဖြင့် ပစ္စည်းရှားခြင်းကြောင့် ဈေးတက်လာတာဖြစ်တယ်လို့သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ စားတော်ပဲ (ကနေဒါ)က ၃၈၀,၀၀၀ ကျပ် မှ ၄၀၀,၀၀၀ကျပ်ရှိပြီး စားတော်ပဲ(ကျွန်း) က ၅၀၀,၀၀၀ ကျပ်မှ ၅၁၀,၀၀၀ကျပ်ရှိလာပါတယ်။

Source : https://htwettoe.com/

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသထွက် ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ သီးနှံမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသထွက် ရင်ကွဲသရက်သီးများသည်ဈေးကွက်အတွင်းဇွန်လနောက်ဆုံးပတ်မှ စတင်ကာအရောင်းအဝယ်ကောင်းမွန်နေပြီးတစ်ရက်လျှင် သရက်သီးအလုံးရေ ၄၅,၀၀၀မှ ၅၅,၀၀၀အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

''မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကနေထွက်တဲ့ သရက်သီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတယ်။ လက်ရှိအရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်မှုရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ် ''ဟု ၎င်း ကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ လက်ရှိရင်ကွဲသရက်သီးအပါအဝင်ဒေသထွက်သရက်သီးများ ပေါ်ထွက်နေသည့် အချိန်ဖြစ်ပြီး ဒေသထွက် သရက်သီးများ ဝယ်လိုအားကောင်းကာ အရောင်းသွက်လာခြင်းကြောင့် ဒေသထွက်ကုန်များကိုသာအရောင်းအဝယ်ပြုလုပ်ရခြင်း၊ ကုန်စည်များသယ်ယူရသည့်ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနေကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ ဥယျာဉ်ကျေးရွာတွင် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံကို ဧက ၂၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို မေလတွင် စတင်စိုက်ပျိုးပြီး ၆ လခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံကိုသီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့်သီးသန့်စိုက်ပျိုးမှုဟူ၍စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် သီးညှပ်စိုက်ပျိုးထားရှိကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပဲပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့်ဈေးနှုန်းများကောင်းမွန်ပါကအကျိုးအမြတ်များပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source :** https://commerce.gov.mm/

## ရှမ်းပြည်နယ်အတွင်း အာလူးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်မှု



ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကလော၊ အောင်ပန်း၊ ပင်းတယ၊ ဟိုပုံး၊ ဟဲဟိုး၊ ပင်လောင်း၊ နောင်တရား ဒေသများတွင် အာလူးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်အနေဖြင့် အာလူးစိုက်ဧကမှာ ၅၀,၀၀၀ကျော် စိုက်ပျိုး၍ ပြည်တွင်း အာလူးစားသုံးမှုဖူလုံစေရန်စိုက်ပျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။

အဓိကစိုက်ပျိုးသည့် မျိုးများအနေဖြင့် နယ်သာလန်မျိုး၊ တရုတ်မျိုးတို့ကို အဓိက စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်းမျိုးလိုအပ်ချက်အနေဖြင့် တစ်နှစ်ပတ်လုံးအတွက် တန်ချိန် ၉ သောင်းကျော်ခန့် လိုအပ်သည့်အတွက် ဒေသတွင်းအာလူးစိုက်တောင်သူများစုပေါင်း၍ အများပိုင်ကုမ္ပဏီများထူထောင်၍ အအေးခန်းစက်ရုံများတည်ဆောက်ပြီး မျိုးလိုအပ်ချက်ကို ဖြည်းဆည်းလျက်ရှိသည်။

အောင်ပန်း၊ ဟဲဟိုး၊ နောင်တရား၊ဟိုပုံးနှင့်ပင်းတယမြို့နယ်များတွင်လက်ရှိအအေးခန်းစက်ရုံ ၆ ရုံ၊ အအေးခန်းကွန်တိန်နာ ၈လုံးတို့ဖြင့် တန်ချိန်၉၀၀၀ကျော်ကို မျိုးအတွက်သိုလှောင်ခြင်း၊ အာလူးအထွက်များချိန်တွင် ဈေးကွက်ထိန်းညှိနိုင်ရန်အတွက် ခေတ္တသိုလှောင်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ အာလူးစိုက်ပျိုးမှုကောင်းမွန်စွာလုပ်ဆောင်နိုင်ရန်အတွက် အာလူးအအေးခန်းစက်ရုံများဖြင့် ခေတ်မီသိုလှောင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ခဲ့အတွက် တောင်သူအများပိုင်အစုအဖွဲ့ကုမ္ပဏီများ ထပ်မံထူထောင်၍ဟဲဟိုးမြို့တွင်တန်၂၀၀၀၊အောင်ပန်းမြို့တွင် တန်၃၀၀၀ ခေတ်မီအအေးခန်းသိုလှောင်ရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။


ဒါ့ပြင် အာလူးအစုအဖွဲ့များနှင့် သက်ဆိုင်တဲ့ဌာနတို့ပူးပေါင်းပြီး တစ်ရှူးကာချာမျိုးပွားနည်းဖြင့် ဒေသနဲ့ကိုက်ညီတဲ့ မျိုးများရရှိဖို့အတွက် ဆောင်ရွက်လျက်ရှိပြီး တောင်သူများစမ်းသပ်စိုက်ပျိုးသည့်အဆင့်သို့ရောက်ရှိတဲ့အတွက် မကြာခင်မှာ ပြည်ပက အာလူးမျိုးတင်သွင်းမှုကိုလျော့ချသွားနိုင်မှာ ဖြစ်ကြောင်းသိရပါတယ်။

အအေးခန်းစက်ရုံအသစ်များကို တောင်သူများစုပေါင်း၍ ၎င်းတို့၏ အစုရှယ်ယာများဖြင့် တည်ဆောက်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုအတွက် အရည် အသွေးပြည့်ဝပြီး စားနပ်ရိက္ခာဖူလုံနိုင်ခြင်း၊ ကုန်သည်နှင့် တောင်သူများပူးပေါင်း၍ ဝယ်လိုအား၊ ရောင်းလိုအား ထိန်းညှိနိုင်ခြင်း၊ အာလူးကဏ္ဍတွင်ပါဝင်ပတ်သက်သူများ စီးပွားအကျိုးဖြစ်ထွန်းစေခြင်း၊ စိုက်ပျိုးအာလူး လိုအပ်ချက်အတွက် သိုလှောင်နိုင်ခြင်းနှင့် ဈေးကွက်မျှတစွာရရှိနိုင်မှာဖြစ်ပါတယ်။ဒါ့ပြင်သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း အာလူးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်၌ အာလူးစိုက်ပျိုးမှုကို ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဒေသတွင်းစားသုံးမှုဖူလုံစေရန်နှင့် တိုးတက်လာဖို့အတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းပညာလိုအပ်ချက်များကို ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**Source :** https://myantrade.gov.mm/

## မြစ်သားမြို့နယ်၌ချည်မျှင်ရှည်ဝါများစတင်ထွက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း စပါး၊ ပဲ၊ ပြောင်း၊ ကြက်သွန်နှင့် ငရုတ်သီးနှံများအပြင် ဈေးကွက်ဝယ်လိုအားရှိပြီး လူတို့အသုံးအဆောင်ဖြစ်သော အဝတ်အထည်များ ရက်လုပ်ရန်အတွက် ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိသည်။

ခရိုင်အတွင်း ဝါစိုက်ဧက ၅၇၆၁ ဧက စိုက်ပျိုးပြီးစီးကြောင်း ၊ မြစ်သားမြို့နယ်တွင် ချည်မျှင်ရှည်ဝါစိုက်ဧက ၄၁၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုဇွန်လတတိယအပတ်မှစတင်၍ ဝါများစတင်ထွက်ရှိနေပြီဖြစ်ကြောင်း ၊ ဝါထွက်ရှိသောရွာများမှာ မုက္ခရာ ၊ ဆင်သည် ၊ သပြေတောင်းရွာများဖြစ်ပြီး ဝါစိုက်ပျိုးမှုအနေဖြင့် ဘောင်ကြောင်းပေးစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြောင်း၊ ဝါစိုက်ပျိုးမှုတွင် မျိုးအနေဖြင့် ငွေချည်-၆ ၊ ရွှေတောင် – ၈ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ၁ ဧကလျှင် မျိုးထုပ် ၂-၃ ထုပ်အထိ ကုန်ကျကြောင်း၊ မျိုး ၁ ထုပ်ဈေးနှုန်းအနေဖြင့် ၆၅,၀၀၀-၇၀,၀၀၀ကျပ်ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း ၊ စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၅၀၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း ၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် ပိဿာ ၃၀၀-၄၀၀ ခန့်ထွက်ရှိခဲ့ပြီး ဝါ ၁ ပိဿာလျှင် ၃၂၀၀ ကျပ်ဖြင့် ရောင်းချခဲ့သောကြောင့် စိုက်ပျိုးစရိတ်နှုတ်ပြီး ၆၂၀,၀၀၀ ကျပ် ဝန်းကျင်ခန့် မြတ်ခဲ့ကြောင်း၊ ဝါဈေးနှုန်းအနေဖြင့် ယခုလက်ရှိပေါက်ဈေးဝါအသစ် ၁ ပိဿာလျှင် ၃၂၀၀-၃၅၀၀ ကျပ်၊ ဂွမ်းအသစ် ၁ ပိဿာလျှင် ၇၅၀၀-၈၀၀၀ ကျပ် ၊ ဝါအဟောင်း ၁ ပိဿာလျှင် ၄၀၀၀ကျပ်၊ ဂွမ်းအဟောင်း ၁ ပိဿာလျှင် ၉၈၀၀-၁၀,၀၀၀ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများဖြစ်သော နေလ၊ သုခပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်း ၊ ပွဲရုံများမှတစ်ဆင့် ဝါစက်များ၊ ချည်မျှင်ရက်ကန်းရုံများနှင့် မန္တလေး စက်မှုဇုန် ၁ သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဝါအထွက်နှုန်းကောင်းမွန်ရန်နှင့် တောင်သူအကျိုးအမြတ်ပိုမိုဖြစ်ထွန်းရန်အတွက် မျိုးရိုးဗီဇမှန်ကန်သောမျိုးများနှင့် စုပ်စားပိုးဒဏ်ခံနိုင်သောမျိုးများ အာမခံချက်ပေးနိုင်ရန် သက်ဆိုင်ရာဌာန၏ ပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း ဝါစိုက်ပျိုးသောတောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## အမေရိကန်နိုင်ငံမှ အကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့ခြင်းကြောင့် ပို့ကုန်ကျဆင်းခဲ့သည့်အတွက် ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေမှာ စံချိန်တင်များပြားခဲ့

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်မှအကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံမှအမေရိကန်နိုင်ငံသို့ မော်တော်ယာဉ်တင်ပို့မှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မေလတွင် ပို့ကုန်တင်ပို့မှုကျဆင်းခဲ့ကြောင်း ၁၈-၆-၂၀၂၅ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် "Japan records trade deficit as export suffer from Trump's tariffs" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ၂၀၂၅ ခုနှစ်၊ မေလတွင် ဂျပန်နိုင်ငံ၏ပို့ကုန်မှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းနှင့်ခန့်မှန်းထားသည်ထက် လျော့နည်းကျဆင်းခဲ့ကြောင်းဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း၊ပြည်တွင်းဝယ်လိုအားကျဆင်းခဲ့ခြင်းကြောင့်ဂျပန်နိုင်ငံ၏သွင်းကုန်မှာ ၇ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ပိုမိုကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ မေလတွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေမှာ ယန်း ၆၃၇ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ) ရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံထုတ်မော်တော်ယာဉ်များအပေါ် ၂၅ ရာခိုင် နှုန်းထပ်ဆောင်း အခွန်ကောက်ခံခဲ့ပြီး၊ အခြားသောကုန်စည်များအပေါ် ၂၄ ရာခိုင်နှုန်းအကောက်ခွန်ကောက်ခံခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မော်တော်ယာဉ်များအပေါ်ထပ်ဆောင်းအခွန်များတိုးမြှင့်ကောက်ခံသွားရန်ရှိကြောင်းလည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း ဖော်ပြထားသည်။

မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍသည် ဂျပန်နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် နှစ်စဉ်မော်တော်ယာဉ်အစီးရေ ၁ သန်းကျော်ကို အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ဂျပန်ကုမ္ပဏီများဖြစ်သည့်တိုယိုတာနှင့်ဟွန်ဒါတို့အနေဖြင့်မြောက်အမေရိကတွင်မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိကာ အမေရိကန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အလုပ်အကိုင်ရရှိမှုအပေါ်များစွာ အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း ဂျပန်အစိုးရက ပြောကြားထားကြောင်း ဖော်ပြထားသည်။

**Source: (သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## စက်မှုထွန်းကားရေးပုံစံသစ်ထောက်ပံ့ရေးအစီအစဉ်ကို အဆင့်မြှင့်တင်သည့် ဟောင်ကောင်ဒေသ

ဟောင်ကောင်ဒေသတွင်း၌ new smart ထုတ်လုပ်မှုများတည်ထောင်နိုင်ရန် ကုန်ထုတ်လုပ်ငန်းရှင်များကို ထောက်ပံ့ပေးရေးအတွက် တည်ထောင်ထားသည့် New Industrialisation Funding Scheme(NIFS) အစီအစဉ်အား အဆင့်မြှင့်တင်လိုက်ကြောင်း ဆန်းသစ်တီထွင်မှုနှင့်နည်းပညာကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ပြောကြားခဲ့သည်ဟု "Industrialisation scheme enhanced" ခေါင်းစဉ်ဖြင့်ထုတ်ပြန်ခဲ့သည့် ဟောင်ကောင်ဒေသအစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Smart manufacturing အသုံးပြုပြီး ဈေးကွက်အခွင့်အလမ်းများရယူနိုင်ရေးအတွက် လုပ်ငန်းများကို ပိုမိုအထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ NIAS အဆင့်မြှင့်တင်ခြင်းဖြစ်ပြီး၊ အဆိုပါအဆင့်မြှင့်တင်မှုတွင် ရန်ပုံငွေလျှောက်ထားမှုများကို အတည်ပြုသည့်လုပ်ငန်းစဉ် ပိုမိုမြန်ဆန်စေမည့် ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများပါဝင်သည်။

ဟောင်ကောင်ဒေါ်လာ ၂ ဒသမ ၈ သန်းထက်မကျော်သည့် ရန်ပုံငွေလျှောက်ထားမှုများ များပြားလာခြင်းကြောင့် ကော်မရှင်အနေဖြင့် အဆိုပါလျှောက်ထားမှုများကို ပိုမိုကောင်းမွန်သော လုပ်ထုံးလုပ်နည်းသစ်များအရ အတည်ပြုရေးလုပ်ဆောင်သွား

မည်ဖြစ်သည်။

ဟောင်ကောင်ဒေသအစိုးရအနေဖြင့် New Industrialisation Acceleration Scheme(NIAS) နှင့် New Industrialisation Funding Scheme(NIFS)တို့ဖြင့် စီးပွားရေးတွန်းအားသစ်ထည့်သွင်းခြင်းဖြင့် စက်မှုထွန်းကားမှုအသစ်ဖွံ့ဖြိုးတိုးတက်ရေးကို တက်တက်ကြွကြွမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့်စက်မှုလုပ်ငန်းဝန်ကြီး Prof Sun Dong က ပြောကြားခဲ့သည်။


လုပ်ငန်းများအနေဖြင့် အဆိုပါရန်ပုံငွေထောက်ပံ့ရေးအစီအစဉ်ကိုအသုံးပြု၍ဟောင်ကောင်ဒေသ၌ Smart manufacturing အခြေခံအဆောက်အဦများထူထောင်ပြီး သက်ဆိုင်ရာနည်းပညာနှင့်ကုန်ထုတ်လုပ်မှုဆိုင်ရာကျွမ်းကျင်မှုများ ယူဆောင်လာနိုင်ခြင်းကြောင့် ဒေသ၏စက်မှုထူထောင်ရေးပုံစံသစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်စီးပွားရေးပုံစံခွဲဖြာမှုအတွက် တွန်းအားဖြစ်လာမည်ဟု ပြောကြားခဲ့သည်။

New Industrialisation Acceleration Scheme(NIAS)ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ခဲ့ပြီး နေထိုင်မှုနှင့် ကျန်းမာရေးနည်းပညာ၊ ဉာဏ်ရည်တုနှင့် data science ၊အဆင့်မြင့်ကုန်ထုတ်လုပ်မှုနှင့် စွမ်းအင် သစ်နည်းပညာများကဲ့သို့ မဟာဗျူဟာမြောက်အရေးပါသည့် လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်နေသည့်လုပ်ငန်းများကို ငွေကြေးထောက်ပံ့ပေးရန် ရည်ရွယ်ထားကြောင်း ရေးသားဖော်ပြထားသည်။

**Source : (နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

https://myantrade.gov.mm/

## အင်ဒိုနီးရှားနိုင်ငံသည် ရုရှားဦးဆောင်သော EAEU အဖွဲ့ နှင့် Free Trade Agreement – FTA စာချုပ်များ ချုပ်ဆို




အင်ဒိုနီးရှားနိုင်ငံသည်ရုရှားနိုင်ငံမှခေါင်းဆောင်၍ ဘီလာရုစ်၊ ကာဇက်စတန်၊ အာမေနီးယားနဲ့ ချက်နိုင်ငံတွေ ပူးပေါင်းထားတဲ့ စီးပွားရေးပေါင်းဖွဲ့မှုအဖွဲ့တစ်ခုဖြစ်သော Eurasian Economic Union (EAEU) နှင့် အခမဲ့ကုန်သွယ်ရေးစာချုပ် (Free Trade Agreement – FTA) များ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဇွန်လ ၂၃ ရက်နေ့က တရားဝင်ကြေညာခဲ့တယ်။

အဆိုပါ စာချုပ်ပါသဘောတူညီချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏အဓိကစိုက်ပျိုးရေးထုတ်ကုန်များဖြစ်သော ဆီအုန်းနှင့်ကော်ဖီများကို EAEU ၏ ဈေးကွက်သို့ ပိုမိုလွယ်ကူစွာ တင်ပို့လာနိုင်မှာဖြစ်သည့်အပြင် EAEU ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်သော ရုရှား၊ ကာဇက်စတန်၊ ဘီလာရုစ်၊ အာမေနီးယားနှင့် ချက်တို့ထံမှ ဓာတ်မြေဩဇာများကို အင်ဒိုနီးရှားနိုင်ငံထံသို့ အခွန်လျော့နည်းဈေးနှုန်းဖြင့် တင်သွင်းလာနိုင်မည်ဖြစ်ပါတယ်။

ဤသို့အပြန်အလှန်ဝန်ဆောင်မှုများသည်စိုက်ပျိုးရေးထုတ်လုပ်မှုအတွက်အကျိုးရှိစေမည့်အပြင် ပုံမှန်အခွန်များ လျော့နည်းခြင်းကြောင့် ထုတ်ကုန်ဈေးပြိုင်နိုင်မှု မြင့်မားလာမည်ဟုလည်း မျှော်လင့်နေကြပါတယ်။

**Source : DOCA(ရေဝတီ)**

https://www.doca.gov.mm/

# STOCK EXCHANGE (1.7.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Jun. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | -200 | -2.94% | 6,800 | 6,800 | 6,600 | 1,660 | 10,961,200 | 33,109,694 | 218,524 |
| MTSH | 00002 | 3,000 | +50 | +1.69% | 3,000 | 3,000 | 2,950 | 53 | 156,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 65 | 474,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 6,318 | 11,688,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 80 | 229,500 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,550 | 430 | 697,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,100 | 4,100 | 3,950 | 72 | 287,600 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 110 | 338,500 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.63 | -1.76 | -0.51% | 348.42 | 348.45 | 344.36 | 8,788 | 24,833,100 | 8 | 651,913 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

## Main Board

As of 1:00 pm, 11th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

| MYANPIX | 345.63 ▼ 1.76 |
|---|---|
| Total Volume (shares) | 8,788 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 651,913 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▼ 200 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,050 | ▼ 50 |